သာသနာ့လမ်းညွှန်ချက်များကို အဖော်ပြုရင်း

ဒီဆောင်းတွင်း



ဘာသာပြန်ဆိုသူ

မွဖ်သီ အဗ်ဒွလ်ဂနီ (နဒ်ဝီ၊ မဇာဟေရီ)

All India Muslim Personal Law Board

မှ ဖြန့်ဝေသော သောကြာနေ့ ဝိန်ခွန်း အားဘာသာပြန်ဆိုသည်။

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

ဆောင်းလေအေးအေး ကလောင်နွေးနွေး

ဆောင်းဥတုဟူသည် လူသားဘဝ၏ အစိတ်အပိုင်း တစ်ရပ်သာ မဟုတ်၊ စမ်းသပ်မှုတစ်ရပ်လည်း ဖြစ်သည်။ အေးမြသည့် ဆောင်းလေညှင်းများအောက်တွင် တစ်ချို့က နွေးထွေးသော အိမ်ခန်းအတွင်း စိတ်အေး လက်အေး နေထိုင်နိုင်ကြသော်လည်း တစ်ချို့မှာမူ အအေးဒဏ်ကို ကိုယ်တိုင် ခံစားရင်း ဘဝကို အောင်မြင်စွာ ရုန်းကန်နေကြ ရသည်။

ထိုကဲ့သို့ အခြေအနေမျိုး၌ ဆောင်းဥတုကို သဘာဝ အခြေအနေ တစ်ရပ်အဖြစ်သာ မမြင်ဘဲ **လူသားတစ်ဦး၏ နှလုံးသားကို စမ်းသပ်သည့်အချိန်ကာလ** အဖြစ် မြင်မြင် သာသာ တင်ပြထားသော စာအုပ်တစ်အုပ်ကို ယနေ့ ကျွန်ုပ်တို့ လက်ထဲတွင် တွေ့မြင်ရခြင်းမှာ ရွှေရောင် အခွင့်အရေး တစ်ရပ်ပိုင်ဆိုင်လိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုထားသူမှာ ကျွန်ုပ်၏ချစ်မိတ်ဆွေ၊ မန္တလေးမြို့ရှိ အထင်ကရ ဗလီနှစ်လုံး၏ အေမာမ် မုဖ်သီ အဗ်ဒုလ်ဂနီ(နဒ်ဝီ) ဖြစ်ပါသည်။ သူသည် ဆောင်းဥတု၏ ထွတ်မြတ်မှုကို အစွလာမ့်အလင်းရောင် အောက်တွင် အလှတရားနှင့်အတူ တည်ငြိမ်စွာ ဆင်ခြင်တင်ပြထားသူဖြစ်သည်။

စာရေးသူသည် ဆောင်းဥတုကို ဆောင်းနှင်းဖွေးဖွေးလေးများဖြင့် စိတ်ကြည်နူးဖွယ်ကာလ ဖြစ်ရုံတင်မက **အကြင်နာတရား ဖြန့်ကျက်ချိန်** အဖြစ် ရေးသားဖော်ပြထားသည်။ အအေးဒဏ် ခံစားနေရသူများအား အဝတ်အထည်၊ ခြံစောင်များ လှူဒါန်းပေးခြင်းကို ကိန်းဂဏန်းအဖြစ် မဟုတ်ဘဲ **အလှူပေးသူ၏ စိတ်ဓာတ်အလှ** အဖြစ် ဖော်ပြထားခြင်းမှာ ဤစာအုပ်၏ ထူးခြားချက်တစ်ရပ် ဖြစ်သည်။

အစွလာမ့်သဘောထားအရ လူသားတစ်ဦး၏ ယုံကြည်ခြင်းသည် ကိုယ်တိုင် အပူအအေး ခံစားခြင်းထက် အခြားသူ၏ အပူအအေးကို မျှဝေခံစားနိုင်ခြင်းဖြင့်သာ

အပြည့်အဝ ပြည့်စုံလာသည်ဟူသော အချက်ကို ဤစာအုပ်သည် တိတ်တခိုးမဟုတ်ဘဲ သိမ်မွေ့စွာ သွန်သင်ပေးလျက်ရှိသည်။

စာမျက်နှာတိုင်း၌ သာသနာရေး အမြင်သာမကလူသားဆန်သော အတွေးအမြင်၊ အသိဉာဏ်နှင့် အကြင်နာတို့ ပေါင်းစည်းလျက်ရှိပြီး ဖတ်ရှုသူ၏ နှလုံးသားကို အေးမြစေသလို နွေးထွေးမှုပေးသော စာပေလက်ရာ တစ်ခုဟု ဆိုပါရစေ။

ထို့ကြောင့် ဤစာအုပ်သည် ဆောင်းဥတုနှင့် ကြုံကြိုက်ရသည့်အခါ ဖတ်သင့်သော စာအုပ်သာ မဟုတ်၊ လူသားဖြစ်ခြင်း၏ တန်ဖိုးကိုကိုယ်တိုင် ဆင်ခြင်စေသည့် စာအုပ်တစ်အုပ် ဖြစ်သည်ဟု ယုံကြည်စွာ ပြောလိုပါသည်။

ဤစာအုပ်မှ စာဖတ်သူတိုင်း၏ စိတ်ထဲ၌ အကြင်နာ တရားနှင့် လူသားဆန်ခြင်း၏ နွေးထွေးမှုတစ်စက် မျှကျန်ရစ်နိုင်ပါစေကြောင်း၊ အခြေအနေတိုင်း၊ ရာသီတိုင်းအတွက် အစွမ်းသတ္တိသာသနာတော်သည် လမ်းညွှန်ချက်မဲ့

ကျွန်ုပ်တို့ကို ချန်ရစ်မထားကြောင်း သိရှိစေပါကြောင်း ဆုမွန်ကောင်း တောင်းလျက် ...

မုဟမ္မဒ် အာစွင်းမ်

(နဒ်ဝီ၊ အဗ္ဒလ်ဟာစနီ၊ မဇ္ဇာဟ့ရီ)

Hijiri 1447/ ဂျီမာဒလ်အုခ်ရာ/21

13/12/2025 (စနေနေ့)

بسم الله الرحمن الرحيم

အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အား ရာသီဥတု အသီးသီး ကိုချီးမြှင့်ထားပြီး ၎င်းဥတုရာသီများမှ အကျိုးခံစားခွင့်ပြုထားခြင်းသည် ထိုအရှင်၏ ကျေးဇူးတော်သာလျှင် ဖြစ်ပါသည်။

ရာသီဥတုများ ပြောင်းလဲနေခြင်းသည် တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ် တည်ရှိကြောင်း၏ သက်သေလက္ခဏာပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည် ...

﴿ إِنَّ فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ وَاخْتِلَافِ اللَّيْلِ وَالنَّهَارِ لَآيَاتٍ لِأُولِي الْأَلْبَابِ﴾. سورة آل عمران: ١٩٠.

“ဧကန်စင်စစ် အာကာသ ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌ လည်းကောင်း၊ နေ့နှင့်ည၌်တို့၏ ပြောင်းလဲမှု၌လည်းကောင်း၊ နိသမ္မဉာဏ်ရှင်များအဖို့ (တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ထင်ရှားသိစေနိုင်သော) သက်သေသာဓကများ မုချရှိပေသည်။”

ထပ်ဆင့်၍ အမိန့်ရှိတော်မူသည် ...

﴿ يُقَلِّبُ اللَّهُ اللَّيْلَ وَالنَّهَارَ ۚ إِنَّ فِي ذَٰلِكَ لَعِبْرَةً لِّأُولِي الْأَبْصَارِ﴾. سورة النور: ٤٤.

“အလ္လာဟ်အရှင်မြတ်သည် နေ့နှင့်ည၌ကို (အလှည့်ကျ) လွှဲပြောင်းတော်မူပေသည်။ ဇကန်မလွဲ ဤသည်၌ (ဉာဏ်)မျက်စိရှိသူတို့အဖို့ (မှတ်သားဖွယ်) သင်ခန်းစာသည် အမှန်ပင် ရှိပေသတည်း။”

ရာသီဥတုသည် (၃) ခုရှိသည်။ ၎င်း ရာသီဥတု (၃) ခု အနက်မှ ဆောင်းဥတုသည် တစ်ခုဖြစ်သည်။ ဒီဇင်ဘာလမှ အစပြုသည်။ ဆောင်းဥတုရောက်လာသည်နှင့် တချို့သောသူတို့၏ မျက်နှာပေါ်၌ ပြုံးပန်းများဝေဆာလျက်ရှိပြီး၊ တချို့သောသူတို့၏ မျက်နှာပေါ်တွင် ဝမ်းနည်းပူဆွေးမှုတို့၏ အရိပ်အယောင်များ တွေ့ရသည်။

ဆောင်းရာသီဝင်လာသည်နှင့် အမျိုးမျိုးသော အခက်အခဲများ ရောက်ရှိလာသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။ ဥတုကူးပြောင်းခြင်းကြောင့် ဖျားနာခြင်း၊ အလွန်အမင်း အေးခြင်းစသည့်အရာများ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အနေနှင့် သိထားရမည်မှာ ကိစ္စရပ်ဟူဟူသရွေ့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်ကြောင့်သာ ဖြစ်ရပေသည်။ ဤကိစ္စများတွင် ကျွန်ုပ်တို့

မသိနိုင်သည့် အလ္လာဟ်အရှင်မြတ်၏ အမျှော်အမြင်များလည်း ရှိပေသည်။

အလ္လာဟ်အရှင်မြတ် အမိန့်ရှိတော်မူသည် ...

﴿ رَبَّنَا مَا خَلَقْتَ هٰذَا بَاطِلًا﴾. سورة آل عمران: ١٩١.

“အို-ကျွန်ုပ်တို့၏ အရှင်၊ အရှင်မြတ်သည် ဤ(ဖန်ဆင်းထားသောအရာများ)ကို အချည်းအနှီးဖန်ဆင်ထားတော်မူသည် မဟုတ်ပါ။”

ဤအာယသ်တော်မှ သိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်သည် မည်သည့်အရာကိုမျှ အကျိုးမဲ့၊ အကြောင်းမဲ့ ဖန်ဆင်းမထားပေ။ အရာရာတိုင်းတွင် အလ္လာဟ်အရှင်မြတ်သည် အကြောင်းခံကိုယ်စီ သတ်မှတ်ထားတော်မူပေသည်။ အားလုံးသည် လူသားတို့၏ အကျိုးအတွက်သာ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ အနည်းငယ်မျှပင် မတရားမပြုသောကြောင့်ဖြစ်သည်။

ဤလောကကမ္ဘာတွင် တည်ရှိနေသည့် အရာတွင် အကြောင်းခံကိုယ်စီ ရှိကြသည်။ တချို့သော အကြောင်းခံများကို

ကျွန်ုပ်တို့ သိရှိနိုင်ကြပြီး တချို့သော အကြောင်းခံများကို ကျွန်ုပ်တို့ မသိရှိနိုင်ပေ။

ဤနည်းတူ ဆောင်းရာသီနှင့်ပတ်သတ်၍ တိမ်မြုပ်နေသော အကြောင်းခံတစ်ခုသည် ဟဒီးဆ်တော်တွင် ဤသို့ လာရှိထားပေသည်။ အဗူဟိုရိုင်ရဟ် (ﷺ) ဆင့်ပြန်ခဲ့သည် တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် ...

عن أبي هريرة رضي الله عنه قال: قال رسول الله ﷺ: «اشتكت النارُ إلى ربها فقالت: ربِّ أكل بعضي بعضًا، فأذِن لها بنفسين: نفسٍ في الشتاء ونفسٍ في الصيف، فأشد ما تجدون من الحر فمن سمومها، وأشد ما تجدون من البرد فمن زمهريرها». (صحيح البخاري: رقم الحديث: ٣٢٦٠).

“ဂျဟန္နမ် အပါယ်ဝရဲသည် အလ္လာဟ်အရှင်မြတ်ထံတွင် ဤသို့လျှောက်ထားသည် ... အိုအလ္လာဟ်၊ ကျွန်တော်မျိုးသည် အလွန်ပူပြင်းလှသည့်အတွက်ကြောင့် ကျွန်ုပ်၏ တချို့အစိတ်အပိုင်းက တချို့အစိတ်အပိုင်းကို စားနေသည့်အလား လောင်မြိုက်နေပါသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဂျဟန္နမ် အပါယ်ဝရဲကို အသက်ရှူရှိုက်မှု နှစ်ကြိမ်ခွင့်ပြုတော်မူခဲ့သည်။

တစ်ကြိမ်မှာ ဆောင်းရာသီတွင် ရှူသွင်းလိုက်ပြီး နောက်တစ်ကြိမ်မှာ ရှူသွင်းလိုက်သည့်လေကို နွေရာသီတွင် မှုတ်ထုတ်လိုက်ခြင်းဖြစ်လေသည်။ ထို့အတွက်ကြောင့် အသင်တို့သည် အလွန်ပြင်းထန်လှသည့် ပူပြင်းမှုနှင့် အအေးဒါဏ်ကို ခံရခြင်းဖြစ်လေသည်။"

ဟဒီးဆ်တော်လာ အချက်အလက်အရ သိရသည်မှာ ဆောင်းရာသီဖြစ်စေ၊ နွေရာသီဖြစ်စေ အားလုံးသည် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ဖြစ်သည်။ တချို့သောသူတို့သည် မသိနားမလည်ကြဘဲ ဥတုရာသီတို့ကို မကောင်းပြောဆိုကြသည်။ အလ္လာဟ်အရှင်မြတ်က ဤသို့အမိန့်ရှိတော်မူသည် ...

عن أبي هريرة رضي الله عنه قال: قال رسول الله ﷺ: «يُؤْذِينِي ابْنُ آدَمَ، يَسُبُّ الدَّهْرَ، وَأَنَا الدَّهْرُ، بِيَدِي الأَمْرُ، أُقَلِّبُ اللَّيْلَ وَالنَّهَارَ». (صحيح البخاري: رقم الحديث: ٤٨٢٦).

"လူသားသည် ခေတ်ကာလ (ဥတုရာသီ)ကို မကောင်းပြောလျှက် ငါအရှင်မြတ်အား ဒုက္ခပေးလေသည်။ ငါအရှင်မြတ်သည်ပင်လျှင် ခေတ်ကာလ(ဥတုရာသီ)ဖြစ်သည်။ ကိစ္စဟူဟူသ၍သည် ငါအရှင်၏လက်တော်၌ ရှိပေသည်။ (အမှန်စင်စစ်) ငါ

အရှင်မြတ်သည် နေ့နှင့်ည (ဥတုရာသီ)ကို ပြောင်းလဲတော်မူပေသည်။”

နွေရာသီ၊ ဆောင်းရာသီနှင့် ခေတ်ကာလကို အလွှာဟ် အရှင်မြတ်ကသာ အပြောင်းအလဲ ပြုလုပ်တော်မူသည်။ ထို့အတွက်ကြောင့် အစီအစဉ်အပြောင်းအလဲကို မကောင်းပြောသူသည် ပြောင်းလဲသူကို မကောင်းပြောသည်နှင့် အလားတူပင်ဖြစ်သည်။ ဤသို့ဆိုလျှင် အလွှာဟ်အရှင်မြတ်ကို တိုက်ရိုက် မကောင်းပြောခြင်းသကဲ့သို့ပင် ဖြစ်သည်။

အကြင်သူသည် ဆောင်းရာသီ၏ ဒါဏ်ကို မခံစားနိုင်သည်ရှိသော် အလွှာဟ်ထံတွင် ဆောင်းရာသီ၏ အအေးဒါဏ်မှ အကာအကွယ်ပေးရန် ဒိုအာပြုရမည်။ အနွေးဓါတ်ရစေမည့် အကြောင်းအခြင်းအရာများကို လက်ဝယ်ပြုရမည်။ ရှရီအသ် တရားတော်မှ ဤရာသီကြောင့် လျှော့ပေါ့ပေးထားသော အခွင့်အလမ်းများကို ရယူရမည်။

ဆောင်းရာသီတွင် တချို့သောသူတို့သည် အအေးဒါဏ်ကြောင့် ဝိုဇူပြုလုပ်ခြင်း၊ ဂိုစွလ်ရေချိုးခြင်းတို့ကို ပေါ့လျော့ကြသည်။ ဤပေါ့လျော့မှုကြောင့် အေဗာဒသ်များကိုပင် စွန့်လွှတ်တတ်ကြသည်။ ဤလုပ်ရပ်သည် လုံးဝမှားယွင်းသော လုပ်ရပ်

ဖြစ်သည်။ အစ္စလာမ်သာသနာတွင် အေဗာဒသ်ကြောင့် ကြုံကြိုက်ရသော အခက်အခဲများသည် အကျိုးကုသိုလ်ပိုမိုရရှိစေရန်အတွက် အကြောင်းခံဖြစ်သည်။ အေဗာဒသ်ကို ဟန့်တား အခက်အခဲဖြစ်စေရန်အတွက် အလျင်းမဟုတ်ပေ။

အလ္လာဟ်အရှင်မြတ်သည် မိမိကျေးကျွန်များကို အခက်အခဲများဖြင့် စမ်းသတ်တော်မူလေသည်။ မည်သူသည် အလ္လာဟ်အရှင်မြတ်၏ ကြေနပ်နှစ်သက်မှုကို ဦးစားပေးသည် ဟူသော အချက်ကို သက်သေထူ သိရှိစေရန်အတွက်ဖြစ်သည်။

ဆောင်းရာသီတွင် ဝိဇ္ဇူပြုခြင်းသည် အမှန်တကယ် လူသားအတွက် ခက်ခဲသော ကိစ္စတစ်ခုဖြစ်သည်။ သို့သော် ဤလုပ်ရပ်သည် လူသားအတွက် အပြစ်ဂိုနာဟ်များကို ပယ်ဖျက်ပေးပြီး အဆင့်အတန်းကို မြင့်မားစေလေသည်။

عن أبي هريرة رضي الله عنه قال: قال رسول الله ﷺ: «ألا أدُلُّكم على ما يَمحو اللهُ به الخطايا ويرفع به الدرجات؟» قالوا: بلى يا رسول الله، قال: «إسباغُ الوضوءِ على المكارِهِ، وكثرةُ الخُطا إلى المساجد، وانتظارُ الصلاة بعد الصلاة؛ فذلكمُ الرِّباط، فذلكمُ الرِّباط». (صحيح مسلم: رقم الحديث: ٢٥١).

အဗူဟုရိုင်ရဟ် (ﷺ) ဆင့်ပြန်ခဲ့သည် တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် “အလ္လာဟ်အရှင်မြတ်က အပြစ်ဂိုနဟ်များကို ပယ်ဖျက်ပြီး အဆင့်အတန်းများကို ပိုမိုတိုးစေသည့် အချက်ကို ငါတမန်တော် အသင်တို့အား မပြောပြရဘူးလား။” ထိုအခါ စွဟဗဟ်များက မုချပြောပြပါဟု လျှောက်ထားကြလေသည်။ တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် ... မနှစ်မြို့လင့်ကစား ဝိဇူကို ကောင်းမွန်ကျနစွာပြုလုပ်ခြင်း၊ ဗလီသို့ ခြေလှမ်းများများ လျှောက်လှမ်းခြင်း၊ နမားဇ်တစ်ကြိမ်ပြီးလျှင် နောက် နမားဇ်တစ်ကြိမ်အတွက် အသင့်ပြင် စောင့်ဆိုင်းနေခြင်း။ ဤကိစ္စရပ်များသည် အသင်တို့ စောင့်ထိန်းအပ်သည့် သာသနာအပေါ် ခိုင်မြဲစေသည့် ကိစ္စရပ်များဖြစ်သည်။ ဤကိစ္စရပ်များသည် အသင်တို့ စောင့်ထိန်းအပ်သည့် သာသနာအပေါ် ခိုင်မြဲစေသည့် ကိစ္စရပ်များဖြစ်သည်။ ဤကိစ္စရပ်များသည် အသင်တို့ စောင့်ထိန်းအပ်သည့် သာသနာအပေါ် ခိုင်မြဲစေသည့် ကိစ္စရပ်များဖြစ်သည်။” ဟု သုံးကြိမ်အမိန့်ရှိတော်မူခဲ့သည်။

အကြင်သူသည် အေးခဲနေသည့်အချိန်ကာလတွင် ဝိဇူကို ကောင်းမွန်ကျနစွာ ပြီးပြည့်စုံအောင်ပြုလုပ်မည်ဆိုလျှင် ထိုသူသည် မိမိစိတ်ကို ဆန့်ကျင် အနိုင်ယူရသူဖြစ်သည့်အတွက်

အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သာသနာ့စစ်ပွဲ ဆင်နွှဲသူအလား ဖြစ်ပေသည်။

သို့သော် နာမကျန်းသည့်အတွက် အမှန်တကယ် ရေမသုံးဆွဲနိုင်သူသည် ရှရီအသ်တရားတော်မှ ၎င်းသူအတွက် သယမွမ်ပြုလုပ်ရန် ခွင့်ပြုထားပေသည်။ အလ္လာဟ်အရှင်မြတ်သည် လူတစ်ယောက်တိုင်းအား မိမိတတ်စွမ်းနိုင်ရုံမျှသာ တာဝန်ပေးအပ်ထားတော်မူသည်။

﴿لَا يُكَلِّفُ ٱللَّهُ نَفۡسًا إِلَّا وُسۡعَهَا﴾. سورة البقرة: ٢٨٦.

“အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏ စွမ်းအားထက်ပို၍ တာဝန်ပေးတော် မမူချေ။”

မည်သို့ပင် ရှိစေကာမူ အီမာန်ရှင်တိုင်းသည် ဆောင်းရာသီဖြစ်စေ၊ နွေရာသီဖြစ်စေ၊ လွယ်ကူသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ အခြေအနေတိုင်းတွင် အေဗာဒသ် ခဝပ်မှုကို မပျက်မကွက် ပြုလုပ်ရမည်ဖြစ်သည်။ ခဝပ်မှု၏ အစစ်အမှန်အလှတရားသည် အခြေအနေတိုင်း၌ အလ္လာဟ်အရှင်မြတ်၏ ရွေ့မှောက်တွင် မိမိကိုယ်မိမိ အပြီးအပိုင် အပ်နှံထားခြင်းဖြစ်သည်။

ဆောင်းရာသီသည် အေဇာဒသ်အတွက် ပွင့်လင်းရာသီဖြစ်သည်။

ဆောင်းရာသီသည် အပြင်ပိုင်း လူ့ခန္ဓာကိုယ်အတွက် သက်သောင့်သက်သာ ရှိသည့် ရာသီဥတု တစ်ခုဖြစ်သည်။ သို့သော် အီမာန်ရှင်တို့အတွက် ဆောင်းရာသီသည် အလွှာဟ် အရှင်မြတ်နှင့် နီးစပ်မှုအတွက် ခဝပ်မှုပြုရန် အခွင့်သာသော ရာသီ တစ်ခုဖြစ်သည်။ ညတာရှည်လျားပြီး နေ့တာ တိုတောင်းသောကြောင့် ညတွင် သဟဂျ်ဂျဒ် နမားဇ်ဖတ်ခြင်း၊ ဆုမွန်ဒိုအာ တောင်းခံခြင်းနှင့် နေ့တွင် ရိဇာဟ်ထားရန်အကောင်းဆုံးသော အခွင့်အရေးဖြစ်သည်။ ထို့အတွက်ကြောင့် ရှေးယခင်သူတော်စင်တို့က ဆောင်းရာသီကို “ခဝပ်မှုရာသီ” ဟုပင် တင်စားကြသည်။

အီမာန်ရှင်များသည် အေးချမ်းမှုကြောင့် အေဇာဒသ်များကို မပျက်ကွက်စေဘဲ အီမာန်လန်းဆန်းစေခြင်း၊ ကောင်းမှုများတွင် အပြိုင်အဆိုင် သူ့ထက်ငါသာ ပြုလုပ်ရမည်ဖြစ်သည်။

သဟဂျ်ဂျဒ်နမားဇ်

သဟဂျ်ဂျဒ်နမားဇ်သည် အီမာန်ရှင်ဖြစ်ခြင်းအတွက် ကြီးမားလှသည့် အမှတ်သညာဖြစ်သည်။ လူတို့ အိပ်မောကျပြီး

တိတ်ဆိပ်ငြိမ်သက်နေသည့် ညယံတွင် နိုးထလျှက် အလွှာဟ် အရှင်မြတ်ထံတော်ပါး၌ အခစားဝင်ရောက်ခြင်းသည် အမှန် စင်စစ် အလွှာဟ်အရှင်မြတ်နှင့် နီးစပ်မှု ရရှိခြင်းဖြစ်သည်။ ဆောင်းရာသီ၏ ရှည်လျားသော ညများသည် ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်အောင် ပြုလုပ်ရသည့် အခွင့်အလမ်း အချိန်ကာလများ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ညပိုင်းတွင် အိပ်ရေး ဝ အောင် အိပ်စက်ပြီးသည့်နောက်တွင်လည်း သဟဂျ်ဂွှဒ် နမားဇ်ဝတ်ပြုရန် အချိန် အမြောက်အမြား ကျန်ရှိနေသေးပေသည်။

အလွှာဟ်အရှင်မြတ်သည် မိမိ၏ မွန်မြတ်လှသည့် ကျေးကျွန်များ၌ရှိသော အရည်အချင်းများကို ဤသို့ ဖော်ပြလေသည် ...

﴿كَانُوا۟ قَلِيلًا مِّنَ ٱلَّيْلِ مَا يَهْجَعُونَ ﴿١٧﴾ وَبِٱلْأَسْحَارِ هُمْ يَسْتَغْفِرُونَ ﴿١٨﴾﴾. سورة الذاريات: ١٧/١٨.

“ငင်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသော အချိန်၌သာ အိပ်စက်လေ့ရှိခဲ့ကြကုန်၏။ ထို့ပြင် ငင်းတို့သည် ညဉ့်၏ နောက် ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံလေ့ ရှိခဲ့ကြကုန်၏။”

عن أبي أمامة رضي الله عنه قال: حدثني عمرو بن عبسة أنه سمع النبي ﷺ يقول: «أَقْرَبُ مَا يَكُونُ الرَّبُّ مِنَ العَبْدِ فِي جَوْفِ اللَّيْلِ الآخِرِ، فَإِنِ اسْتَطَعْتَ أَنْ تَكُونَ مِمَّنْ يَذْكُرُ اللَّهَ فِي تِلْكَ السَّاعَةِ فَكُنْ». (سنن الترمذي: رقم الحديث: ٣٥٧٩.

“လူသားအတွက် အလွှာဟ်အရှင်မြတ်နှင့် အနီးစပ်ဆုံး သောအချိန်သည် ညဉ့်၏နောက်ဆုံးအချိန်ဖြစ်သည်။ ထို့အတွက် ကြောင့် အသင်သည် ထိုအချိန်၌ အလွှာဟ်အရှင်မြတ်ကို သတိရ တသသူများတွင် ပါဝင်နိုင်ပါက မလွဲမသေ ပါဝင်ပါလေ။”

ဆောင်းရာသီ၏ ညဉ့်အချိန်အခါများကို မိမိအတွက် အခွင့်ကောင်းဟု မှတ်ယူရမည်။ ငြိမ့်ညောင်းချောမွေ့လှသည့် အိပ်ယာထက်မှ ခေတ္တခဏ နိုးထပြီး မိမိအရှင်ထံပါးတွင် ငိုယို အသနားခံလျှက် တောင်းဆုဒုအာပြုခြင်းသည် လောက၏ မည်သည့် တန်ကြေးပေး၍မျှ မရနိုင်သော အဆင့်အတန်းဖြစ် သည်။

ဆောင်းရာသီ၏နေ့များတွင် ရိဇာထားခြင်း

ဆောင်းရာသီ၏ နေ့များသည် ရိဇာထားရန်အတွက် အကောင်းဆုံးသော အချိန်ကာလများဖြစ်သည်။ နေ့တာတို သည်။ အပူ အအေး မျှတသည်။ ရေဆာခြင်းနှင့် မောပန်းမှု လျော့ နည်းသည်။ ထို့အတွက်ကြောင့် ရိဇာထားရန် အလွန်ပင် လွယ်ကူ လှပေသည်။ တမန်တော်မြတ် (ﷺ) က ဤလွယ်ကူမှုကို ဆု လာဘ် တစ်ခုအဖြစ် သတ်မှတ်ထားတော်မူသည် ...

عن عامر بن مسعود رضي الله عنه قال: قال رسول الله ﷺ: «الغَنِيمَةُ البارِدَةُ الصَّوْمُ في الشِّتاءِ». (سنن الترمذي: رقم الحديث: ٧٩٧).

“ဆောင်းရာသီသည် ဆုလာဘ်တစ်ပါး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရိဇာသည် ဆောင်းရာသီတွင် (လွယ်ကူ စွာ) ထားရသောကြောင့်ဖြစ်သည်။”

ရိဇာသည် လူသားနှင့် ဖန်ဆင်းရှင်အကြား သီးသန့် ဆက်နွယ်ထားသော အေဗာဒသ် တစ်ခုဖြစ်သည်။ တမန်တော် မြတ် (ﷺ) အမိန့်ရှိတော်မူသည် ...

عن أبي هريرة رضي الله عنه قال: قال رسول الله ﷺ: «الصِّيَامُ جُنَّةٌ، والذي نفسي بيده لَخُلُوفُ فمِ الصائمِ أطيبُ عند الله تعالى من ريحِ المسك، ... والصوم لي وأنا أجزي به». (صحيح البخاري: رقم الحديث: ١٨٩٤).

“ရိုဇာသည် (လူသားအား ဂျဟန္နမ်မှ ကာကွယ်ပေးသည့်) တံတိုင်းတစ်ခုဖြစ်သည်။ ငါတမန်တော်၏အသက်ကို စိုးပိုင်တော်မူသော အရှင်၏ ကစမ်၊ ရိုဇာ ဥပုသ်စောင့်ထိန်းသူ၏ ပါးစပ်မှရရှိသော အနံ့သည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အမွှေနံ့သာထက်ပင် ပို၍ သန့်ရှင်းလတ်ဆတ်ပေသည်။ ရိုဇာသည် ငါအရှင်မြတ် အတွက်ဖြစ်သည်။ ငါအရှင်မြတ်ကိုယ်တော်တိုင် အစားပေးမည် ဖြစ်သည်။”

ဆောင်းရာသီတွင် ရိုဇာကြောင့် ပြင်းထန်သည့် မောပန်းမှုနှင့် ရေဆာမှုကိုလည်း မခံရပေ။ ဤကာလသည် ရိုဇာထားခြင်းအတွက် လေ့ကျင်ရန်နှင့် နဖိလ်အေဗာဒသ်များ၏ အခွင့်ထူးကာလများဖြစ်ပြီး သက္ကဝါတရား လက်ကိုင်ထားရန် အသင့်မြတ်ဆုံး အချိန်ရာသီလည်း ဖြစ်ပေသည်။

စွဒကဟ်အလှူဒါနပြုခြင်း

ဆောင်းရာသီကာလတွင် အေဗာဒသ်များထဲမှ အခွင့်အခါကောင်းသည့် အေဗာဒသ်တစ်ခုသည် စွဒကဟ် အလှူဒါန ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤကာလတွင် မရှိဆင်းရဲသားများအတွက် ခြံစောင်၊ အနွေးထည်များအပြင် တခြားသော လူသုံးကုန်တို့ အထူးလိုအပ်ပေသည်။

ထိုသူတို့အား ကူညီရှိင်းပင်းခြင်းသည် ၎င်းသူတို့၏ ခန္ဓာကိုယ်အတွက် သက်သောင့်သက်သာ ရှိစေသကဲ့သို့ လှူဒါန်းသူ၏ စိတ်နှလုံးကို ရွှင်လန်းချမ့်မြေ့စေသည်။

တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် ...

عن أبي هريرة رضي الله عنه أن رسول الله ﷺ قال: «مَنْ نَفَّسَ عَنْ مُؤْمِنٍ كُرْبَةً مِنْ كُرَبِ الدُّنْيَا، نَفَّسَ اللهُ عَنْهُ كُرْبَةً مِنْ كُرَبِ يَوْمِ الْقِيَامَةِ، وَمَنْ يَسَّرَ عَلَى مُعْسِرٍ، يَسَّرَ اللهُ عَلَيْهِ فِي الدُّنْيَا وَالْآخِرَةِ ...». (صحيح مسلم: رقم الحديث: ٢٦٩٩).

“အကြင်သူသည် မွတ်မင်နှတစ်ယောက်၏ ဒုန္နယာ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးခဲ့သော် အလ္လာဟ်အရှင်

မြတ်သည် ထိုသူ၏ ကေယာမသ်နေ့(၌ ကြုံကြိုက်လာမည့်) အခက်အခဲများအနက် အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးမည် ဖြစ်သည်။ အကြင်သူသည် ဆင်းရဲနွမ်းပါးသူတစ်ဦးကို ကူညီခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဒုန္နယာ၊ အာခေရသ်နှစ်ဌာနစလုံးတွင် လွယ်ကူစေတော်မူမည်ဖြစ်သည်။”

ဆောင်းရာသီသည် အဘယ်မျှကောင်းမွန်လှပါသနည်း။ မိမိပတ်ဝန်းကျင်ရှိ မရှိနွမ်းပါးသူများကို လေ့လာပြီး ၎င်းတို့၏ စားဝတ်နေရေး၊ အဝတ်အစားတို့ကို ကူညီစောင်မပြီး အလ္လာဟ် အရှင်မြတ်၏ ကရုဏာတော်ကို အမိအရ ရယူကြပါဟု တိုက်တွန်းလိုက်ရပါသည်။

အလ္လာဟ်အရှင်မြတ် ကျွန်ုပ်တို့အားလုံးအား အကောင်အထည်ဖော်သူများအဖြစ် အခွင့်အလမ်း ချီးမြှင့်တော်မူပါစေ။ အာမီးန်။

وآخر دعوانا أن الحمد لله رب العالمين